ဇွန် (၂၃)

## ယုံကြည်ခြင်းသည် ပစ္စည်းပိုင်ဆိုင်ခွင့်စာချုပ်စာတမ်း။

"**ယုံကြည်**ခြင်းသည် မြော်လင့်သောအရာတို့ကို မျက်မှောက်ပြုခြင်း ဖြစ်၏။ မမြင်သေးသော အရာတို့ကို သိမှတ်စွဲလမ်းခြင်း အကြောင်းဖြစ်၏" (ဟေဗြဲ ၁၁း၁) 'အရာ' (SUBSTANCE) ဟူသောစကားလုံးအား ပြန်ဆိုထားသည့်မူရင်း ဂရိစကားလုံးက HUPOSTASIS ဖြစ်သည်။ ခမ္မသစ်ကိုရေးဦးစွာ မူရင်းဂရိဘာသာရပ်မှ အင်္ဂလိပ်သို့ ပြန်ဆိုကြသောအချိန်တွင် ဘာသာပြန်ဆိုသူများက ဤ "HUPOSTASIS" ဆိုသော စကားလုံးကြောင့် စိတ်ရှုတ်ထွေးစရာဖြစ်ခဲ့ရသည်။ ထို့ကြောင့်လည်း ယင်းက ဂန္တဝင်မြောက် ဂရိစာပေ၌မြင်တွေ့ရသော လုပ်ငန်းပိုင်းဆိုင်ရာ ဝေါဟာရတစ်ခုဖြစ်ဟန် တူခဲ့သည်။ ထို့ကြောင့်လည်း ယင်းက အခိုင်အမာ ရုပ်အထည်ဒြပ်ရှိသော အရာတစ်ခုဟု အဓိပ္ပါယ်ရကြောင်းဟူ၍သာ ၎င်းတို့အနေနှင့် သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် ၎င်းကို သူတို့က 'SUBSTANCE' 'အရာဝတ္ထု' ဟုပြန်ဆိုခဲ့ကြသည်။

နှစ်ပေါင်းများစွာ ကြာသောအခါ ရှေးဟောင်းပစ္စည်း တူးဖော်လေ့လာရေးဆိုင်ရာ ပညာရှင်များက ပါလက်စတိုင်းမှာရှိသော ရှေးတည်းခိုခန်းတစ်ခု၏ မီးလောင်ကျွမ်း ထားသည့် အကြွင်းအကျန် အပျက်အဆီးများအား တူးဖော်တွေ့ရှိခဲ့ရာတွင် သံသေတ္တာ ငယ်လေးတစ်ခုကိုပါရရှိခဲ့၍ ထိုသေတ္တာလေးထဲတွင် ထိုဒေသထဲမှ အိမ်ခြံမြေတို့ကို ပိုင်ဆိုင်ခဲ့သည့် မျိုးရိုးဇာတိမြင့်သော ရောမအမျိုးသမီးတစ်ဦးဦး၏ တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းများ ပါဝင်နေခဲ့သည်။ စာရွက်အများစု၏ ထိပ်ပိုင်းတွင် ဂရိစကားလုံး HUPOSTASIS ကိုရေးသားထားကြောင်း တွေ့ရ၍ ထိုစာရွက်အားလုံးက သူမပိုင်ဆိုင် သောပစ္စည်းများအတွက် ပစ္စည်းပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများပင် ဖြစ်နေသည်။ သူမ၏ ထင်သာမြင်သာရှိသည့် ဤလာရောက်လည်ပတ်ခြင်းမတိုင်မှ ဤရောမအမျိုးသမီးက သူမ၏ပိုင်ဆိုင်သည့် ပစ္စည်းများကို တစ်ကြိမ်တစ်ခါကမျှ မြင်ဘူးခဲ့ခြင်းမရှိကြောင်း ဖြစ်ကောင်းဖြစ်မည်။ သို့သော် ထိုအရာများက သူ၏ပိုင်ဆိုင်မှုဖြစ်ကြောင်းကို သူမသိပြီး ထိုပစ္စည်း ပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းများ ရှိခဲ့ခြင်းကြောင့်လည်း သူမ၏ ပိုင်ဆိုင်မှုကို သက်သေပြနိုင်ခဲ့မည်ဖြစ်သည်။

ထိုသို့ဆိုလျှင် ယုံကြည်ခြင်းက အဘယ်နည်း? ယင်းကပိုင်ဆိုင်ခွင့် စာချုပ်စာတမ်းပင်ဖြစ်သည်။ ဘာသာပြန်ဆိုသူများက မိမိတို့ ယခုသိရှိထားသော အရာများကိုသာသိခဲ့လျှင် ထိုကျမ်းချက်ကို ဤကဲ့သို့ ရေးသားခဲ့ကောင်း ရေးသားခဲ့မည်။ "ယုံကြည်ခြင်းသည် မျှော်လင့်သောအရာတို့၏ ပိုင်ဆိုင်ခွင့်စာချုပ်စာတမ်းပင် ဖြစ်သည်။"